Message Twelve

# အနတ္တသက်သက်ဖြစ်ခြင်း၊ ယေရှု၌ရှိသော စစ်မှန်ခြင်းနှင့် ဘုရားသခင့်သားများ၏ ပေါ်ထွန်းခြင်း

ဖတ်ရန်ကျမ်း။ ။ ဒေ၊၁း၂-၁၁၊ ၁၄။ ၂း၁၇၊ ၂၂။ ၃း၁၁။ ၁၂း၈။ ဆာ၊၃၉း၄-၆။ ဧ၄း၁၇-၂၁၊ ၂၄။ ၁ယော၊၅း၂၀။ ရော၊၈း၁၉-၂၂

## I. "အနတ္တများ၏ အနတ္တ၊ ခပ်သိမ်းသောအရာတို့သည် အနတ္တဖြစ်ကြ၏" - ဒေ၊၁း၂။

A. ဒေသနာကျမ်း၊၁း၂-၁၁ တွင် ဤစာစောင်၏ အဓိကဆိုလိုရင်းမှာ အနတ္တသက်သက်ဖြစ်ခြင်း အကြောင်းဖြစ်သည်ကို ကျွန်ုပ်တို့မြင်ရသည်။

1. ဒေသနာကျမ်း၏ အလယ်ဗဟို စဉ်းစားချက်မှာ ဘုရားသခင်ထံမှ ရွေ့လျော့ကျဆင်းသွားခဲ့သည့် လူသားအသက်တာ၏ နေအောက်၌ရှိသော အနတ္တသက်သက်ဖြစ်ခြင်း ဖြစ်သည် - အငယ်၊၂။
2. ဒေသနာကျမ်း၏ ပါဝင်သောအရာများမှာ နေအောက်ရှိ ကျဆင်းသွားသော လူသားမျိုးနွယ်၏ လူသားအသက်တာ၊ ပျက်စီးယိုယွင်းသော လောကရှိ အသက်တာကို ဖော်ပြခြင်းဖြစ်သည် - ဧ၂း၁၂။
3. ဒေသနာကျမ်းရှိ ရှောလမုန်၏ သွန်သင်ခြင်းများက ပျက်စီးယိုယွင်းသော လောကရှိ လူသားအသက်တာသည် အနတ္တသက်သက်ဖြစ်ပြီး၊ လေနောက်သို့ လိုက်နေခြင်းသာဖြစ်ကြောင်း ပြသနေသည် - ၁း၁၄။
4. ဒေသနာကျမ်းအရ လူသားသမိုင်းကြောင်းသည် အစအဦးမှစ၍ လက်ရှိအချိန်အထိ အနတ္တသက်သက်ဖြစ်သည် - ၁၂း၈။
5. မည်မျှပင် ကောင်းမွန်သော၊ ထူးကဲသော၊ အံ့သြဖွယ်သော၊ ရင်သပ်ရှုမောဖွယ်သော အရာပင်ဖြစ်နေပါစေ၊ ၎င်းသည် ဖန်ဆင်းခြင်းအဟောင်း၏အရာ ဖြစ်နေသရွေ့ ယင်းမှာ နေအောက်၌ရှိသော အနတ္တတကာ့အနတ္တဖြစ်ခြင်း၏ အစိတ်အပိုင်းသာ ဖြစ်သည် - ၁း၉။ ၂း၁၁၊ ၁၇၊ ၂၂။
6. ကောင်းကင်များ၌ရှိသော၊ "နေအောက်၌"(၁း၉)မဟုတ်သော ဖန်ဆင်းခြင်းအသစ်သာလျှင် အနတ္တဖြစ်ခြင်းမဟုတ်ဘဲ၊ စစ်မှန်ခြင်းဖြစ်သည် - ၂ကော၊၅း၁၇။ ဂလ၊၆း၁၅။ ဧ၄း၂၄။

B. ဆာလံ၊၃၉း၄-၆ တွင် ဒါဝိဒ်က သူ့အသက်တာ၏ အချည်းနှီးဖြစ်ခြင်းနှင့် အနတ္တဖြစ်ခြင်းကို သိနားလည်ခဲ့သည်။

1. ဤဆာလံ၌ ဒါဝိဒ်သည် မိမိမှာ အချည်းနှီးဖြစ်ကြောင်း၊ အနတ္တသက်သက်ဖြစ်ကြောင်း သိနားလည်ခြင်းရှိရန် ဘုရားသခင်အားဖြင့် ခေါ်ဆောင်ခံရသည်။ သူသည် လူသားတိုင်း လုပ်နိုင်သမျှအားလုံးမှာ လုံးလုံး အနတ္တမျှသာ ဖြစ်ကြောင်း သိရှိနားလည်ခဲ့သည် - အငယ်၊၅။
2. ကျွန်ုပ်တို့၏ အနေအထားသည် အပြစ်ပြည့်ဝကြောင်း (ဆာ၊၃၈)၊ ကျွန်ုပ်တို့၏အခြေအနေသည် အနတ္တဖြစ်ခြင်းမှတစ်ခုဖြစ်ကြောင်း ကျွန်ုပ်တို့သိနားလည်ခြင်းက ခရစ်တော်အား ကျွန်ုပ်တို့ကို ကားတိုင်ပေါ်သေစေရန်၊ ကျွန်ုပ်တို့မှတစ်ဆင့် မိမိကိုယ်တော်တိုင် အသက်ရှင်ခြင်းအားဖြင့် ကျွန်ုပ်တို့ကို အစားထိုးခြင်းငှာ ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်ရန်၊ ဂလာတိ၊၂း၂၀ တွင် ပေါလုဖော်ပြထားသည့်အတိုင်း ကိုယ်တော်နှင့်အတူ ရှင်သန်သော ပေါင်းစည်းခြင်း၌ အတူတကွ အသက်ရှင်ခြင်းရှိစရန် လမ်းကို ဖွင့်ပေးသည်။

C. လူသည် ဘုရားသခင်အားဖြင့် အမြင့်မားဆုံး၊ အမြင့်မြတ်ဆုံး အကြံအစည်တော်ဖြင့် ဖန်ဆင်းခံရသည်၊ ယင်းမှာ ကိုယ်တော်၏ဘုရားဆိုင်ရာအသက်နှင့် သဘောသဘာဝဖြင့် ကိုယ်တော်၏ပုံသဏ္ဌာန်တော်၌ ဘုရားသခင်ကို ထင်ရှားစေရန် ဖြစ်သည် - က၊၁း၂၆။

1. ဘုရားသခင်၏ရန်သူ စာတန် မာရ်နတ်သည် ဘုရားသခင်က ကိုယ်တော်၏အကြံအစည်တော်အတွက် ဖန်ဆင်းထားသည့် လူအထဲသို့ မိမိကိုယ်ကို ထည့်သွင်းရန် ရောက်လာခဲ့သည် - ၃း၁-၆။ ရော၊၅း၁၈။ ၃း၂၃။ ၁ယော၊၃း၄။
2. လူ၏ ဤကျဆင်းခြင်းကြောင့် လူနှင့် သူ၏အုပ်စိုးမှုသို့ ဘုရားသခင်အပ်နှံပေးထားခဲ့သည့် ဖန်ဆင်းခံအရာအားလုံးတို့သည် အနတ္တဖြစ်ခြင်းသို့ ရောက်ရှိသွားခဲ့ကြသည် (ရော၊၈း၂၀-၂၁)။ ထို့ကြောင့် ပျက်စီးယိုယွင်းနေသည့်လောကရှိ လူသားအသက်တာသည်လည်း အနတ္တသက်သက် ဖြစ်လာခဲ့သည်။
3. ဤအနတ္တဖြစ်ခြင်းမှ ကျွန်ုပ်တို့ လွတ်ရန် နည်းလမ်းမှာ ဘုရားသခင်ထံသို့ ပြန်လာခြင်းနှင့် ခရစ်တော်၌ ရှိသော ဘုရားသခင်ကို ရွေးနုတ်ခြင်း၊ အသက်၊ ချမ်းသာကြွယ်ဝမှု၊ မွေ့လျော်ဝမ်းမြောက်မှု၊ ပျော်ရွှင်မှုနှင့် ကျေနပ်နှစ်သိမ့်မှုအဖြစ် ရယူခြင်း ဖြစ်သည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ထာဝရစီမံကိန်းကို ပြီးပြည့်စုံစေရန်အတွက် လူကို ဖန်ဆင်းခြင်း၌ ကိုယ်တော်၏နဂိုမူလ အကြံအစည်တော်ကို ပြည့်စုံစေခြင်းငှာ ဘုရားသခင်က ဆက်လက်အသုံးပြုခြင်း ခံရနိုင်မည်ဖြစ်သည် - ဒေ၊၁၂း၁၃-၁၄။

D. ပျက်စီးယိုယွင်းနေသော လောကရှိ လူသားအသက်တာသည် အနတ္တဖြစ်ခြင်း၊ လေနောက်သို့ လိုက်ခြင်း ဖြစ်နေသော်လည်း၊ ဘုရားသခင်သည် လူ၏စိတ်နှလုံး၌ ထာဝရကို ထည့်သွင်းထားကြောင်း ကျွန်ုပ်တို့ သိနားလည်ရန် လိုအပ်သည် (၃း၁၁)။
1. ဒေသနာ၊၃း၁၁ ရှိ "ထာဝရ" မှာ "ခေတ်ကာလများတစ်လျှောက် နေအောက်တွင်ရှိသော မည်သည့်အရာမျှ ကျေနပ်နှစ်သိမ့်ခြင်း မပေးနိုင်ဘဲ၊ ဘုရားသခင် တစ်ပါးတည်းသာလျှင် ကျေနပ်နှစ်သိမ့်ခြင်း ပေးနိုင်သည် ဟူသော ဘုရားဆိုင်ရာ အာရုံခံစားမှုကို ရည်ရွယ်ချက်ဖြင့် ထည့်သွင်းပေးထားခြင်း ဖြစ်သည်" (The Amplified Bible)။
2. ဘုရားသခင်သည် မိမိ၏ပုံသဏ္ဍာန်တော်၌ လူကိုဖန်ဆင်းခဲ့ပြီး၊ သူ့၌ ဝိညာဉ်ကို သွင်းပေးခဲ့၍၊ ယင်းမှာ လူသည် ကိုယ်တော့်ကို လက်ခံရရှိကာ၊ ထည့်ဝင်နိုင်ရန်ဖြစ်ကာ၊ ဘုရားသခင်ကိုယ်တော်တိုင်ကို ရှာဖွေမည့် စိတ်နှလုံးကို ထည့်သွင်းပေးခဲ့သည်၊ ယင်းမှာ ဘုရားသခင်သည် လူ၏ကျေနပ်နှစ်သိမ့်ခြင်း ဖြစ်လာနိုင်ရန်ဖြစ်သည် - က၊၁း၂၆။ ၂း၇။ ဇာ၊၁၂း၁။
3. လူသည် ဘုရားသခင်ထံမှ ကျဆင်းသွားခဲ့ကာ၊ လူ၏ကျေနပ်နှစ်သိမ့်ခြင်းအတွက် ဘုရားသခင်ကို လက်ခံရရှိခြင်းမှ လူအား နှောင့်ယှက်ရန် စာတန်မှတစ်ဆင့် အပြစ်ဝင်ရောက်လာခဲ့သော်လည်း၊ ဘုရားသခင်အတွက် အလိုဆန္ဒ၊ ဘုရားသခင်ကို ရှာဖွေဆာငတ်မှုသည် လူ၏စိတ်နှလုံး၌ ကျန်ရှိနေဆဲဖြစ်သည် - ဒေ၊၃း၁၁။
4. ယာယီဖြစ်သော အရာများသည် လူကို ဘယ်အခါမျှ ကျေနပ်နှစ်သိမ့်မှု မပေးနိုင်ပါ။ ခရစ်တော် တည်းဟူသော ထာဝရ ဘုရားသခင်သာလျှင် လူ၏စိတ်နှလုံး၌ ရည်ရွယ်ချက်ရှိစွာ ထည့်သွင်းထားသော နက်ရှိုင်းသော အာရုံခံစားမှုကို ကျေနပ်နှစ်သိမ့်မှုပေးနိုင်မည် ဖြစ်သည် - ညွှန်း၊ ၂ကော၊၄း၁၈။

## II. ဖေက်၊၄း၁၇-၂၁ နှင့် ၂၄ တွင် ပေါလုက အသိဉာဏ်၏အချည်းနှီးဖြစ်ခြင်း၌ မရှိတော့သည့် လျှောက်လှမ်းခြင်းအတွက် ယေရှု၌ရှိသော စစ်မှန်ခြင်းကို တင်ဆက်ပြသထားသည်။

A. ဖေက်၊၄း၁၇ တွင် ပေါလုက ယုံကြည်သူများထံသို့ "တစ်ပါးအမျိုးသားတို့က အချည်းနှီးသော သူတို့၏အသိဉာဏ်၌ လျှောက်လှမ်းသည့်နည်းတူ၊ မလျှောက်လှမ်းတော့မည့်အကြောင်း" တိုက်တွန်းနှိုးဆော်ခဲ့သည်။
1. ကျဆင်းသွားသော လူသားမျိုးနွယ်၏ နေ့စဉ်အသက်တာရှိ အခြေခံဒြပ်သဘာဝမှာ အသိဉာဏ်၏ အချည်းနှီးဖြစ်ခြင်းဖြစ်သည်။
2. တစ်ပါးအမျိုးသားများ၊ တိုင်းနိုင်ငံလူမျိုးများသည် ကျဆင်းသောလူများဖြစ်ကြပြီး၊ သူတို့၏ တွေးဆခြင်းများ၌ အချည်းနှီးဖြစ်လာကြသူများဖြစ်သည် - ရော၊၁း၂၁။

   a. သူတို့သည် သူတို့အသိဉာဏ်၏ အချည်းနှီးဖြစ်ခြင်း၌ ဘုရားသခင်မပါဘဲ လျှောက်လှမ်းကာ၊ သူတို့၏အချည်းနှီးစဉ်းစားခြင်းများအားဖြင့် ထိန်းချုပ်ခြင်း၊ ညွှန်ကြားခြင်း ခံရကြသည်။
   b. ဘုရားသခင်နှင့် တမန်တော်ပေါလု၏ အမြင်၌ လောကရှိလူတို့က စဉ်းစားသမျှ၊ ပြောသမျှနှင့် လုပ်သမျှသည် ဘာမျှမဟုတ်ဘဲ၊ အချည်းနှီးသက်သက်သာဖြစ်သည်။
3. အသိဉာဏ်၏ အချည်းနှီးဖြစ်ခြင်း၌ လျှောက်လှမ်းကြသည့် တိုင်းနိုင်ငံလူမျိုးများသည် သူတို့၏နားလည်သဘောပေါက်ခြင်း၌ မှောင်မိုက်ဖြစ်နေသည်၊ အကြောင်းမှာ သူတို့၏စိတ်နှလုံး ခိုင်မာခြင်းကြောင့်ဖြစ်သည် - ဧ၊၄း၁၈။
   a. ကျဆင်းသောလူတို့၏ အသိဉာဏ်သည် အနတ္တဖြစ်ခြင်းဖြင့် ပြည့်ဝနေသောအခါ သူတို့၏နားလည်သဘောပေါက်မှုသည် ဘုရားသခင်၏အရာများ၌ မှောင်မိုက်ဖြစ်နေသည် - ဆာ၊၈၄း၁၁။
   b. ကျဆင်းသော လူ၏စိတ်နှလုံး ခိုင်မာခြင်းသည် သူ၏နားလည်သဘောပေါက်ခြင်း၌ မှောင်မိုက်ဖြစ်ခြင်းနှင့် သူ၏အသိဉာဏ်၌ အချည်းနှီးဖြစ်ရခြင်း၏ အရင်းအမြစ်ဖြစ်သည် - ဧ၊၄း၁၇-၁၈။

B. ဧဖက်၊၄း၁၇ နှင့် ၂၁ တွင် ယေရှု၌ရှိသော စစ်မှန်ခြင်းနှင့် ကျဆင်းသောလူသား အသိဉာဏ်၏ အချည်းနှီးဖြစ်ခြင်းအကြား ဆန့်ကျင်ကွဲလွဲမှု ရှိနေသည်။
1. ကျဆင်းသောလူ၏ ဘုရားမဲ့သော လျှောက်လှမ်းခြင်း၌ အချည်းနှီးဖြစ်ခြင်းရှိနေပြီး၊ ယေရှု၏ ဘုရားဝတ်မွေ့လျော်ခြင်းအသက်တာ၌ စစ်မှန်ခြင်းရှိနေသည်။
2. ယေရှု၌ရှိသော စစ်မှန်ခြင်းသည် အငယ်၊၂၄ တွင် ဖော်ပြထားသည့် လူသစ်၏ "စစ်မှန်ခြင်း" ဖြစ်သည်။
   a. လှည့်ဖြားခြင်း(အငယ်၊၂၂) သည် စာတန်ကို ပုဂ္ဂိုလ်အဖြစ် တင်စားဖော်ပြခြင်းဖြစ်ပြီး၊ စစ်မှန်ခြင်း (အငယ်၊၂၄) သည် ဘုရားသခင်ကို ပုဂ္ဂိုလ်အဖြစ် တင်စားဖော်ပြခြင်းဖြစ်သည်။ လှည့်ဖြားခြင်းသည် မာရ်နတ်ဖြစ်ပြီး၊ စစ်မှန်ခြင်းသည် ဘုရားသခင်ဖြစ်သည်။
   b. စစ်မှန်ခြင်းဖြစ်သော ဘုရားသခင်သည် ယေရှု၏အသက်တာ၌ ထင်ရှားပြသခြင်း ရှိသည် - အငယ်၊၂၁။
3. ယေရှု၌ရှိသော စစ်မှန်ခြင်းသည် ဧဝံဂေလိစာစောင်လေးစောင်တွင် မှတ်တမ်းတင်ထားသည့် ယေရှု၏အသက်တာအခြေအနေအမှန် ဖြစ်သည်။
   a. ယေရှု၏ လူသားအသက်ရှင်ခြင်းသည် စစ်မှန်ခြင်းအတိုင်း၊ တစ်နည်းအားဖြင့် ဘုရားသခင်ကိုယ်တော်တိုင်အတိုင်း ဖြစ်သည် - ဧ၊၄း၂၄။
   b. ယေရှု၏အသက်တာ အနှစ်သာရမှာ စစ်မှန်ခြင်းဖြစ်သည်။ ကိုယ်တော်သည် စစ်မှန်ခြင်း၌ အမြဲလျှောက်လှမ်းခဲ့သည်။
   c. သူ၏လူသားအသက်တာ၌ သခင်ဘုရားပြုခဲ့သမျှ အရာအားလုံးမှာ ဘုရားသခင် ထင်ရှားခြင်းဖြစ်၍၊ ယင်းမှာ စစ်မှန်ခြင်းဖြစ်သည်။
4. စစ်မှန်ခြင်းအတိုင်းဖြစ်သော ယေရှု၏အသက်တာသည် ယုံကြည်သူများ၏အသက်တာအတွက် စံနမူနာဖြစ်သည် - ၂ယော၊၁-၂၊ ၄။ ၃ယော၊၃-၄။
   a. ကျွန်ုပ်တို့သည် စစ်မှန်ခြင်းအသက်တာကို အသက်ရှင်ရန် ခရစ်တော်ကို သင်ယူကာ၊ ကိုယ်တော်၌ သွန်သင်ခံရန်လိုအပ်သည် - ဧ၊၄း၂၀-၂၁။ ၂ယော၊၁။ ယော၊၄း၂၃-၂၄။
   b. ခရစ်တော်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကို ထင်ရှားသည့်အသက်တာ တည်းဟူသော ယေရှု၌ရှိသည့် စစ်မှန်ခြင်းဖြစ်သည့် စစ်မှန်ခြင်းအသက်တာကို အသက်ရှင်သင့်သည်။

C. ယေရှု၌ရှိသော ထိုစစ်မှန်ခြင်း၌ ကျွန်ုပ်တို့အသက်ရှင်နိုင်ကြသည်၊ အကြောင်းမှာ "ကျွန်ုပ်တို့သည် မှန်သောအရှင်ကိုယ်တော်၌ ရှိကြသောကြောင့်" ဖြစ်သည် - ၁ယော၊၅း၂၀။

1. *မှန်သောအရှင် ကိုယ်တော်* မှာ ဘုရားသခင်သည် ကျွန်ုပ်တို့ထံသို့ အတွင်းကျကျဖြစ်လာကြောင်း၊ အပြင်ပိုင်းကျသည့် ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်တာနှင့် အတွေ့အကြုံ၌ မှန်သောအရှင်ဖြစ်လာကြောင်း ရည်ညွှန်းခြင်းဖြစ်သည်။
2. မှန်သောအရှင် -ဟုတ်မှန်သောသူ- ၌ ရှိခြင်းမှာ ကိုယ်တော်၏သားတော် ယေရှုခရစ်၌ ရှိခြင်းဖြစ်သည်၊ အကြောင်းမှာ ဘုရားသခင်၏သားတော်ဖြစ်သည့် သခင်ယေရှုသည် မှန်သော ဘုရားသခင်ဖြစ်သည် - အငယ်၊၂၀။
3. ဟုတ်မှန်သောအရှင်သည် ဘုရားဆိုင်ရာစစ်မှန်ခြင်း ဖြစ်သည်။ ဟုတ်မှန်သောအရှင်ကို သိကျွမ်းခြင်းမှာ ဤစစ်မှန်ခြင်းကို တွေ့ကြုံခံစားခြင်း၊ မွေ့လျော်ခြင်းနှင့် ပိုင်ဆိုင်ခြင်းအားဖြင့် ဘုရားဆိုင်ရာစစ်မှန်ခြင်းကို သိကျွမ်းခြင်းအား ဆိုလိုခြင်းဖြစ်သည်။

**III. ဖန်ဆင်းခြင်းသည် အနတ္တဖြစ်ခြင်းအောက်သို့ ရောက်ရှိသွားခဲ့သည့်အတွက်ကြောင့်၊ ဖန်ဆင်းခြင်းသည် ဘုရားသခင့်သားများ၏ ပေါ်ထွန်းခြင်းကို အလွန်တောင့်တ မျှော်လင့်နေသည်၊ "ဖန်ဆင်းခြင်း တစ်ခုလုံးသည် ဖောက်ပြန်ပျက်စီးခြင်း၏ ကျွန်အဖြစ်မှ ဘုရားသခင့်သားများ၏ လွတ်ခြင်းဘုန်းတော်အထဲသို့ လွတ်မြောက်မည်အကြောင်း မျှော်လင့်လျက် ရှိ၏" - ရော၊၈း၁၉-၂၀။**

A. စတန်က မိမိကိုယ်ကို လူအထဲသို့ အပြစ်အဖြစ် ထိုးသွင်းခဲ့ခြင်း၏ ရလဒ်အဖြစ် လူနှင့် ဖန်ဆင်းခံအရာအားလုံးတို့သည် ပျက်စီးယိုယွင်းခြင်း၏ ကျွန်အဖြစ်သို့ ခေါ်ဆောင်ခံရကာ၊ အနတ္တဖြစ်ခြင်းအောက်သို့ ရောက်သွားခဲ့သည် - ၅း၁၂။ ၈း၂၀။

1. ဖန်ဆင်းခြင်းသည် အနတ္တဖြစ်ခြင်းအောက်တွင် ရောက်သွားခဲ့ပြီး၊ ယိုယွင်းပျက်စီးခြင်း၏ကျွန်အဖြစ်သို့ ရောက်သွားခဲ့သည့်အတွက်ကြောင့်၊ နေအောက်ရှိ အရာခပ်သိမ်းသည် အနတ္တသက်သက်ဖြစ်သည် - ဒေ၊၁း၂။ ၁၂း၈။
2. လက်ရှိတွင် ဖန်ဆင်းခြင်းသည် ယိုယွင်းဖောက်ပြန်ခြင်းနှင့် ပျက်စီးခြင်း၏ တရားအောက်တွင် ကျွန်ခံနေရသည်။ ၎င်း၏တစ်ခုတည်းသော မျှော်လင့်ချက်မှာ ပျက်စီးယိုယွင်းခြင်း၏ကျွန်အဖြစ်မှ ဘုရားသခင့်သားများ ပေါ်ထွန်းချိန် ဘုရားသခင့်သားများ၏ လွတ်ခြင်း ဘုန်းတော်အထဲသို့ လွတ်မြောက်ခြင်းရှိရန် ဖြစ်သည် - ရော၊၈း၂၀-၂၁။

B. ဖန်ဆင်းခြင်း၏ လိုလားစွာ စောင့်မျှော်ခြင်း - အပြည့်အဝအလေးထားခြင်းဖြင့် စောင့်မျှော်ခြင်း - မှာ "ဘုရားသခင်၏သားများ ပေါ်ထွန်းခြင်းအရာကို အလွန်တောင့်တ စောင့်မျှော်နေခြင်း" ဖြစ်သည် - အငယ်၊၁၉။

1. ပေါ်ထွန်းဖွင့်ပြခြင်းမှာ ယခင်က ဖုံးအုပ်ထားသော သို့မဟုတ် ဝှက်ထားသော တစ်စုံတစ်ခု၏ ဖွင့်ပေးခြင်း သို့မဟုတ် ပေါ်ထွန်းလာခြင်း ဖြစ်သည် - ၈၊၁း၁၇။ ၃း၅။ ဂလ၊၁း၁၅-၁၆။ ဗျာ၊၁း၁။
2. သခင်ဘုရား၏ ဒုတိယအကြိမ် ကြွလာခြင်း၌ ကျွန်ုပ်တို့သည် ဘုန်းထင်ရှား၍၊ ကျွန်ုပ်တို့၏ခန္ဓာများသည် အပြည့်အဝရွေးနုတ်ခံရသောအခါ၊ ဖုံးကွယ်ရာကန့်လန့်ကာသည် ဖွင့်ခြင်းရှိလိမ့်မည်ဖြစ်သည် - ရော၊၈း၁၈။
3. "ယခုတိုင်အောင် တညီတညွတ်တည်း ညည်းတွား၍ ဆင်းရဲခြင်းဝေဒနာကို ခံရသော" (အငယ်၊၂၂) ဖန်ဆင်းခြင်းသည် ဘုရားသခင့်သားများ၏ ပေါ်ထွန်းခြင်းကို စောင့်မျှော်နေသည် (အငယ်၊၁၉)။
4. ဤပေါ်ထွန်းခြင်းသည် ယခု ကျွန်ုပ်တို့ ဖြတ်သန်းသွားနေကြရသည့် ခွဲခန့်မှတ်သားခြင်း ဖြစ်စဉ်၏ ပြီးမြောက်ပြည့်စုံခြင်း၏ ဖြစ်လိမ့်မည်ဖြစ်သည် - ညွှန်း၊ ၁း၄ မှတ်စု ၁။

C. ဖန်ဆင်းခြင်းတစ်ခုလုံးသည် လက်ရှိတွင် အနတ္တဖြစ်ခြင်းနှင့် ပျက်စီးယိုယွင်းခြင်း၏ အခြေအနေ၌ ရှိနေသော်လည်း၊ ဘုရားသခင်သည် လက်ရှိအနေအထားကို ဖြေရှင်းရန် နိုင်ငံတော်ကို ယူဆောင်လာလိမ့်မည်ဖြစ်သည် - ဗျာ၊၁၁း၁၅။

1. လာမည့်နိုင်ငံတော်သည် ဘုရားသခင့်ဘုန်းတော်၏ နိုင်ငံတော်၊ ပေါ်ထွန်းခြင်းရှိကြသည့် ဘုရားသခင့်သားများဖြင့် အဓိက ဖွဲ့စည်းထားသည့် နိုင်ငံတော် ဖြစ်လိမ့်မည် - မ၊၆း၁၀၊ ၁၃။ ရော၊၈း၁၉။
2. ဘုရားသခင်၏ဘုန်းတော်သည် နိုင်ငံတော်နှင့်အတူ သွားကာ၊ ကိုယ်တော့်နိုင်ငံတော်၏ နယ်ပယ်အဝန်းအဝိုင်း၌ ထင်ရှားခြင်းရှိသည် - မ၊၆း၁၀၊ ၁၃ခ။ ဆာ၊၁၄၅း၁၁-၁၃။
3. ဘုရားသခင်က ကျွန်ုပ်တို့အား ကိုယ်တော်၏နိုင်ငံတော်နှင့် ဘုန်းတော်အထဲသို့ ဝင်ရောက်စေခြင်းငှာ ခေါ်တော်မူခဲ့သည် - ၁သက်၊၂း၁၂။
   a. ဘုရားသခင်၏နိုင်ငံတော်သည် ဘုရားသခင်၏ဘုန်းတော်အထဲသို့ ဝင်ရောက်ခြင်းအမြင်နှင့်အတူ ဘုရားဆိုင်ရာအုပ်စိုးခြင်းအောက်၌ ကျွန်ုပ်တို့က ဘုရားသခင်ကို ကိုးကွယ်ရန်နှင့် ဘုရားသခင်ကို မွေ့လျော်ရန်အတွက် နယ်ပယ်တစ်ခုဖြစ်သည် - မ၊၆း၁၃ခ။
   b. နိုင်ငံတော်သည် ဘုရားသခင်က ကိုယ်တော်၏တန်ခိုးတော်ကို လေ့ကျင့်လုပ်ဆောင်ရာ အဝန်းအဝိုင်းဖြစ်၍၊ ထိုသို့ဖြင့် ကိုယ်တော်၏ ဘုန်းတော်ကို ထင်ရှားစေမည်ဖြစ်သည် - ဗျာ၊၅း၁၀၊ ၁၃။
   c. နိုင်ငံတော်၏ ထွန်းတောက်ခြင်းသည် ခမည်းတော်၏ ဘုန်းတော်ထင်ရှားခြင်းအတွက် ဖြစ်သည် - မ၊၅း၁၆။
4. ဘုရားသခင်၏နိုင်ငံတော်သည် ကိုယ်တော်၏ဘုရားဆိုင်ရာ စီမံခန့်ခွဲခြင်းအတွက် သူ၏အခွင့်အာဏာနှင့်အတူ သူ၏ဘုန်းတော်၌ ဘုရားသခင်၏ ထင်ရှားပေါ်ထွန်းခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏နိုင်ငံတော်အထဲသို့ ဝင်ရောက်ခြင်းနှင့် ဘုရားသခင်၏ဘုန်းတော် ထင်ရှားခြင်းအထဲသို့ ဝင်ရောက်ခြင်းသည် တစ်ခုတည်းသော အရာအဖြစ် အလိုအလျောက် ဖြစ်ပေါ်မည်ဖြစ်သည် - ဟေဗြဲ၊၂း၁၀။ မ၊၅း၂၀။ ၁သက်၊၂း၁၂။ ၂သက်၊၁း၁၀။ ဗျာ၊၂၁း၉-၁၁။ ၂၂း၁၊ ၅။
5. ဖန်ဆင်းခြင်းသည် ဘုရားသခင်၏နိုင်ငံတော် ရောက်လာခြင်းကို အလွန်တောင့်တ မျှော်လင့်ကာ၊ လိုလားစွာဖြင့် စောင့်မျှော်နေသည်။ နိုင်ငံတော် ဖွင့်ပြပေါ်ထွန်းသည့်အချိန်တွင် ဖန်ဆင်းခြင်းတစ်ခုလုံးသည် လွတ်မြောက်ခြင်းရှိလိမ့်မည်ဖြစ်ကာ၊ ဘုရားသခင့်သားများ၏ ထင်ရှားပေါ်ထွန်းလာခြင်းသည် အနတ္တဖြစ်ခြင်းမှ လွတ်မြောက်လာခြင်း ဖြစ်လိမ့်မည်ဖြစ်ပြီး၊ “နေထွန်းလင်းသကဲ့သို့ မိမိတို့အဖ၏ နိုင်ငံတော်၌ ထွန်းလင်းကြလိမ့်မည်” ဖြစ်သည် - မ၊၁၃း၄၃။

*© 2020 Living Stream Ministry*